# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

December 15 , 2022 Volume 61, Number 11


၁၅.၁၂.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၉၂ US$ |
| မြန်မာ့ရွှေဈေး | = ၂၆၈၅၀၀၀ |
| ဒေါ်လာဈေး | = ၂၈၆၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၃၀.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၀.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၉၁.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၂၂.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၁.၀၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၈၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၉.၉၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၅.၃၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၁၃၇ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**


ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## မြန်မာနိုင်ငံတွင် မြန်မာနှင့်ရုရှား ပူးပေါင်းဆောင်ရွက်မည့် လေအားလျှပ်စစ်စီမံကိန်းအတွက် နေရာခြောက်ခုမှ လျှပ်စစ်မဂ္ဂါဝပ် ၈၁၀၀ ကျော် ထုတ်လုပ်နိုင်မည်

မြန်မာနိုင်ငံတွင် မြန်မာနှင့်ရုရှား ပူးပေါင်းဆောင်ရွက်မည့် လေအားလျှပ်စစ်စီမံကိန်းအတွက် နေရာခြောက်ခုမှ လျှပ်စစ်မဂ္ဂါဝပ် ၈၁၀၀ ကျော် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ RuQian State Atomic Energy Corporation “ROSATOM” တို့ ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းများဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၃ ရက်က လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ်၂၇ အစည်းအဝေးခန်းမ၌ ကျင်းပရာတွင် အထက်ပါအချက်ကို ထည့်သွင်းပြောကြားခဲ့ခြင်းလည်း ဖြစ်သည်။

ယင်းဆွေးနွေးပွဲတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက SMR အတွက် ကနဦး လေ့လာဆန်းစစ်ချက်များတွင် လိုအပ်သော အခြေခံအချက်အလက်များကိုလည်း Working Group အဖွဲ့များဖြင့် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းများလည်း သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း၊ ROSATOM မှ ကိုယ်စားလှယ်များက မြန်မာနိုင်ငံအတွင်းတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်သော လေအားလျှပ်စစ်၊ အသေးစားရေအားလျှပ်စစ်များကိုလည်း မြေပြင်တွင် သွားရောက်လေ့လာ ကြည့်ရှုဆောင်ရွက်ပြီးဖြစ်ကြောင်း၊ အထူးသဖြင့် လေအားလျှပ်စစ်ထုတ်လုပ်မှုကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန် မြန်မာနိုင်ငံ၌ အလားအလာကောင်းများရှိသော နေရာခြောက်ခုတွင် စုစုပေါင်း မဂ္ဂါဝပ် ၈၁၀၀ ကျော်ခန့် ထုတ်လုပ်နိုင်ကြောင်း စူးစမ်းလေ့လာထားမှုအရ သိရှိရသဖြင့် ROSATOM အနေဖြင့် လေအားလျှပ်စစ်ထုတ်လုပ်မှုတွင် အမြန်ဆုံးပူးပေါင်းဆောင်ရွက်နိုင်ရေး အထူးအလေးထားဆောင်ရွက်စေလိုကြောင်း၊ ရုရှား-မြန်မာ ချစ်ကြည်ရင်းနှီးစွာဖြင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ခဲ့သည့် (၇၅) နှစ် မြောက်ကာလအတွင်း မိမိတို့နိုင်ငံကို ယခုကဲ့သို့ ကူညီဆောင်ရွက်ခဲ့မှုကို များစွာအသိအမှတ်ပြုကြောင်းနှင့် အနာဂတ်တွင်လည်း ပိုမိုပူးပေါင်းဆောင်ရွက်သွားရန် ရည်မှန်းထားကြောင်း ပြောကြားသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ RuQian State Atomic Energy Corporation “ROSATOM”၏ Deputy Director General Mr. SpaQkiy Nikolayက မိမိတို့အနေဖြင့် အပူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်း တည်ဆောက်ခြင်းတွင် နှစ်ပေါင်းများစွာ အတွေ့အကြုံရှိခဲ့ပြီးဖြစ်ကြောင်း၊ ယခုစီမံကိန်းသည် မြန်မာနိုင်ငံအတွက် ကာလကြာရှည်စွာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်မည်

ဖြစ်ကြောင်း၊ စီမံကိန်းနှင့်ပတ်သက်၍ လိုအပ်သောသဘောတူစာချုပ်များ ဆက်လက်ရေးထိုးနိုင်ပြီး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆက်လက်လုပ်ဆောင်နိုင်မည်ဟု ယုံကြည်ကြောင်းပြောကြားပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Nikolay Listopadov က နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုဖြင့် ရေရှည်စီမံကိန်းများကို ဆောင်ရွက်သွားနိုင်မည်ဖြစ်ပြီး ယခုဆောင်ရွက်မည့် အပူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းသည် တည်ဆောက်ချိန်ကြာမြင့်မှုမရှိဘဲ ရေရှည်လည်ပတ်မောင်းနှင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအစိုးရကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကိုယ်စား "ROSATOM" တို့အကြား အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် (IGA) မူကြမ်းကိုလည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Rusatom Energy Project, Joint Stock Company တို့အကြား အသေးစားအပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း အကြိုဖြစ်မြောက်နိုင်စွမ်း လေ့လာမှုလုပ်ငန်းအတွက် ဆောင်ရွက်ရမည့်တာဝန်ဝတ္တရားများ (Terms of Reference - TOR) ကို လည်းကောင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အဏုမြူစွမ်းအင်ဦးစီးဌာနနှင့် Rosatom International Network တို့အကြား Joint Communication Plan for increasing public acceptance of atomic technologies in Myanmar ကို လည်းကောင်း နှစ်နိုင်ငံတာဝန်ရှိသူများက လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

Source: https://news-eleven.com/article/241741

## မန္တလေးကုန်စည်ဒိုင် နှမ်းဈေးကွက်ဈေးအေးနေ

မန္တလေးကုန်စည်ဒိုင်သို့ စစ်ကိုင်း၊ ရွှေဘို၊ ဝက်လက်နှင့် မန္တလေးအနီးတဝိုက်မှ နှမ်းများဝင်ရောက်နေပြီး၊ နှမ်းနက်ကို တရုတ်ဝယ်လက်မှ ဝယ်ယူမှုရှိကြောင်း၊ အရည်သွေးကောင်းသောနှမ်းများကို လှော်လက်သမားများမှ ဝယ်ယူနေကြောင်း သိရသည်။

**နှမ်းဖြူ(ရိုးရိုး)** ၄၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၅၀၀၀၀ ၊ယခင်တစ်ပတ် ကျပ် ၂၄၃၀၀၀ မှ ၂၅၂၀၀၀၊ ယခင်လကျပ် ၂၆၅၀၀၀မှ ၂၇၀၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၂၀၀၀ ၊ ယခင်လထက်ကျပ် ၂၀၀၀၀ နိမ့်ကျလာသည်။

**နှမ်းညို** ၄၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၂၁၀၀၀၀ မှ၂၀၅၀၀၀ ၊ ယခင် တစ်ပတ်ကျပ် ၂၀၀၀၀၀ မှ ၂၀၅၀၀၀၊ ယခင်လကျပ် ၂၂၀၀၀၀ မှ ၂၂၅၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ် ထက်ကျပ် ၅၀၀၀ မြင့်တက်လာပြီး၊ ယခင်လထက်ကျပ် ၁၀၀၀၀ မှ ၁၅၀၀၀နိမ့်ကျလာသည်။

**နှမ်းနက်(စမုံ)** ၄၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၅၅၀၀၀ မှ ၂၁၀၀၀၀ ယခင်တစ်ပတ်ကျပ် ၂၅၅၀၀၀ မှ ၂၁၀၀၀၀၊ ယခင်လကျပ် ၂၅၀၀၀၀ မှ ၃၀၀၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ် အတိုင်းဈေးငြိမ်နေပြီး ၊ ယခင်လထက် ၄၀၀၀၀ မှ ၄၅၀၀၀ နိမ့်ကျလာသည်။

Source: ရတနာပုံကုန်သွယ်မှုဇုန်ဌာန

## ဒီဇင်ဘာလ ၃ ရက်မှ ၉ ရက်နေ့အတွင်း စစ်တွေကုန်သွယ်ရေးစခန်းမှတဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်ကုန်သွယ်မှုအခြေအနေ

ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ (၃-၁၂-၂၀၂၂) မှ (၉-၁၂-၂၀၂၂) အထိ အမှန်တင်ပို့ကုန်ပစ္စည်းများအနေဖြင့် မန်ကျည်းစေ့၊ အုန်းသီးခြောက်၊ ဆီးဖတ်၊ ဂျင်း(အစို)၊ စစ်တုံဥ၊ နနွင်းတက်၊ ငါးကုန်းညိုခြောက်၊ ငါးနီတူခြောက်၊ ငါးစုံလေးခြောက်၊ ငါးမြစ်ချင်းနှင့် ဆီးယိုထုပ်တို့တင်ပို့ရာ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၄၂၉၈၇၈ ဒေါ်လာတင်ပို့ခဲ့ကြောင်း သတင်းရရှိပါသည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃ ရက်မှ ၉ ရက်အထိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်အနေဖြင့် အုန်းသီးခြောက် တန်ချိန် ၆၁ တန်တင်ပို့ခဲ့ပါသည်။ ယခင်အပတ်မှာ အုန်းသီးခြောက်တန်ချိန်

၇ တန်တင်ပို့ခဲ့ပြီး ယခင်အပတ်ထက် ယခုအပတ်တွင် အုန်းသီးခြောက်တန်ချိန် ပိုမို၍တင်ပို့နိုင်ခဲ့ကြောင်းသိရပါသည်။ ယခုအပတ်အုန်းသီးခြောက် တင်ပို့နိုင်မှု ငွေပမာဏမှာ ၁၈၃၀၀ ဒေါ်လာတင်ပို့မှုရှိခဲ့ပါသည်။

Source: သဇင်မြေကုန်သွယ်မှုဗဟိုဌာန

## နိုဝင်ဘာ တတိယပတ်အတွင်း ပင်လယ်ရေကြောင်းနှင့်နယ်စပ်ကုန်သွယ်မှုမှတစ်ဆင့် ပြည်ပသို့ ရော်ဘာတန်ချိန် ၉၇၈၀ ကျော်တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်ထက် တန်ချိန် ၂၈၀၀ ပိုမိုတင်ပို့



https://news-eleven.com/article/241688

နိုဝင်ဘာ တတိယပတ်အတွင်း ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်မှုမှ တစ်ဆင့် ပြည်ပသို့ ရော်ဘာတန်ချိန် ၉၇၈၀ ကျော်တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်ထက် တန်ချိန် ၂၈၀၀ ပိုမိုတင်ပို့ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၉ ရက်မှ ၂၅ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဒေါ်လာ ၂ ဒသမ ၈၁၅ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၂၂၇၀ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။ တင်ပို့မှုအနေဖြင့် တရုတ်နိုင်ငံသို့ ရော်ဘာတန်ချိန် ၂၀၇၀ နှင့် မလေးရှားနိုင်ငံသို့ ရော်ဘာတန်ချိန် ၂၀၀ တင်ပို့ခဲ့သည်။ အဆိုပါ ကာလအတွင်း နယ်စပ်ကုန်သွယ်မှုမှ ဒေါ်လာ ၆ ဒသမ ၁၃၅ သန်းတန်ဖိုးရှိ ရော်ဘာ ၇၅၁၇ တန် တင်ပို့ခဲ့သည်။ မြန်မာ-တရုတ်နယ်စပ်လမ်းကြောင်းမှ ရော်ဘာတန်ချိန် ၇၃၃၀ ကျော် တင်ပို့ခဲ့ပြီး မြန်မာ-ထိုင်း နယ်စပ် လမ်းကြောင်းမှ ရော်ဘာ ၁၈၅ တန်ခန့် တင်ပို့ခဲ့ကြောင်းသိရသည်။

ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းများမှ တစ်ပတ်အတွင်း ရော်ဘာတန်ချိန် ၉၇၈၀ ကျော်တင်ပို့ခဲ့သဖြင့် ယခင်တစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်ပါကတန်ချိန် ၂၈၀၀ ကျော် ပိုမိုတင်ပို့ခဲ့သည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာလမှ စက်တင်ဘာလကုန်အထိ ပြည်ပသို့ ရော်ဘာစိမ်းတင်ပို့မှုမှ ဒေါ်လာ ၄၄၉ သန်း ကျော်ရရှိခဲ့ပြီး ယခင်ဘဏ္ဍာနှစ်ထက် ဒေါ်လာ ၁၈၅ သန်းနီးပါးပိုမိုတင်ပို့ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ဖြစ်သည့် ၂၀၂၀ ခုနှစ်၊ အောက်တိုဘာ ၁ ရက်မှ ၂၀၂၁ ခုနှစ် စက်တင်ဘာလကုန် အထိ ပြည်ပသို့ ရော်ဘာစိမ်းတင်ပို့မှုမှဒေါ်လာ ၄၄၉ ဒသမ ၁၀၂ သန်းရရှိခဲ့သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ရော်ဘာစိမ်းတင်ပို့မှုမှဒေါ်လာ ၂၆၄ ဒသမ ၄၄၂ သန်းရရှိခဲ့သည်။ အဆိုပါကာလတူနှစ်ခုကို နှိုင်းယှဉ်ပါက ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ရော်ဘာစိမ်းတင်ပို့မှုမှာ ယခင်ဘဏ္ဍာနှစ်ထက် ဒေါ်လာ ၁၈၄ ဒသမ ၆၆၀ သန်းပိုမိုရရှိခဲ့သည်။

ရော်ဘာကို မြန်မာနိုင်ငံတောင်ပိုင်းဒေသများအနက် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့သည် ရော်ဘာအများဆုံး စိုက်ပျိုးသည့်ဒေသများဖြစ်သည်။ ကျန်တိုင်းဒေသကြီးများဖြစ်သည့် ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ တနင်္သာရီတိုင်းတို့တွင်လည်း စိုက်ပျိုးလျက်ရှိကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သိရသည်။

ပြည်တွင်း၌တစ်နှစ်လျှင် ရော်ဘာတန်ချိန်စုစုပေါင်း နှစ်သိန်းဝန်းကျင်ထွက်ရှိပြီး ရာခိုင်နှုန်း ၉၀ ကျော်ကို ပြည်ပသို့ တင်ပို့နေပြီး ကျန်ရှိသည့် ရှစ်ရာခိုင်နှုန်းခန့်ကိုသာ ပြည်တွင်း၌ အသုံးပြုလျက်ရှိကြောင်းသိရသည်။ မြန်မာနိုင်ငံမှ ထွက်ရှိသည့် ရော်ဘာကို တရုတ်သို့ အဓိကတင်ပို့နေခြင်းဖြစ်ပြီး မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ကိုရီးယား၊ ဂျပန်၊ ထိုင်ဝမ်၊ အိန္ဒိယ စသည့်နိုင်ငံများသို့လည်း တင်ပို့လျက်ရှိကြောင်းသိရသည်။

မြန်မာ့သဘာဝရော်ဘာထုတ်ကုန်များ အရည်အသွေးပိုမိုကောင်းမွန်စေရေးအတွက် သက်ဆိုင်ရာဌာနများ၊ သတင်း အဖွဲ့များ၊ စိုက်ပျိုးသူတောင်သူများ၊ ကုန်သည်များ၊ စက်ပိုင်ရှင်များစသည်ဖြင့် Supply Chain တစ်လျှောက်ပါဝင်ပတ်သက်သူ အားလုံးကဏ္ဍအလိုက် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံမှ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော်လျက်ရှိပြီး အမျိုးသားပို့ကုန်မဟာဗျူဟာ(NES) ၂၀၂၀-၂၀၂၅ မူဘောင်သည် မြန်မာနိုင်ငံ၏ မိုက်ခရို၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ပြည်တွင်းနှင့်ကမ္ဘာ့စီးပွားရေးဈေးကွက်တွင် လက်ရှိတင်ပို့ရောင်းချနေသူများအတွက် အခွင့်အလမ်းသစ်များ ဖန်တီးမည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၀၂၅ ၏ အဓိကဦးစားပေးကဏ္ဍများတွင် လယ်ယာထွက်ကုန်ပစ္စည်းအခြေခံ စားသောက်ကုန်ထုတ်လုပ်ခြင်းကဏ္ဍ၊ အထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍ၊ စက်မှုနှင့်လျှပ်စစ်ပစ္စည်းကဏ္ဍ၊ ရေထွက်ကုန်လုပ်ငန်းကဏ္ဍ၊ သစ်တောထွက်ပစ္စည်းကဏ္ဍ၊ ဒစ်ဂျစ်တယ်ထုတ်ကုန်များနှင့်ဝန်ဆောင်မှုကဏ္ဍ၊ ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှုကဏ္ဍ၊ အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ၊ ကုန်သွယ်မှု သတင်းအချက်အလက်ဝန်ဆောင်မှုကဏ္ဍ၊ တီထွင်ဆန်းသစ်မှုနှင့် စွန့်ဦးတီထွင်ဆောင်ရွက်ခြင်းကဏ္ဍ စသည်တို့လည်းပါဝင်သည်။

**Source:** https://news-eleven.com/article/241688

## ဒီဇင်ဘာ ၂၀ ရက်တွင် မြန်မာ့ပြောင်းနှင့်ဆန် တရုတ်နိုင်ငံတင်ပို့ရန် သက်တမ်းကုန်ဆုံးမည်

နှစ်နိုင်ငံနယ်စပ်ဂိတ်မှ မြန်မာ့ပြောင်းနှင့်ဆန် တရုတ်တင်ပို့မှုမှာ ဒီဇင်ဘာ ၂၀ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည့်အတွက် တင်ပို့မှုရပ်ဆိုင်းသွားမည်ဖြစ်ကြောင်းသိရသည်။ ယင်းမှာ နယ်စပ်ဂိတ်ပိတ်ခြင်းမဟုတ်ဘဲ ကုန်စည်တင်ပို့မှုသက်တမ်းကုန်ဆုံးသွားခြင်းသာဖြစ်ပြီး အဆိုပါကုန်စည်များ တင်ပို့ရန်အတွက် သက်တမ်းသုံးလသာ ရရှိထားခြင်းဖြစ်သည်။

လက်ရှိတွင် ကုန်စည်များတင်ပို့မှု ရပ်ဆိုင်းမည်ဖြစ်သောကြောင့် တောင်သူများအနေဖြင့် ဈေးကွက်ပျောက်မည်ကို စိုးရိမ်နေကြပြီး မူဆယ်နယ်စပ်တွင် ပြောင်းဖူးအများအပြား ကျန်ရှိနေသေးကြောင်းသိရသည်။ ယခုအချိန်တွင် တရုတ်နိုင်ငံဘက်မှ ကိုဗစ်-၁၉ စည်းကမ်းချက်များ ဖြေလျှော့ပေးလိုက်ပြီဖြစ်သော်လည်း အချို့နေရာများတွင် ကုန်တင်ပို့ရန် အစားထိုးယာဉ်မောင်းစနစ်ရှိနေသေးသည့်အတွက် အချိန်ကြာမြင့်ပြီး ကုန်ကျစရိတ်လည်း ပိုမိုများပြားကာ မူဆယ် ၁၀၅ မိုင်မှ ကျင်စန်းကျော့ဂိတ်သို့ သွားရောက်ခြင်းအတွက် ကျပ်နှစ်သိန်းခန့်ကုန်ကျပြီး တရုတ်ဘက်ဝင်ရောက်ရာတွင်လည်း ကျပ်သုံးသိန်းခန့် ထပ်မံကုန်ကျကြောင်းသိရသည်။

တရုတ်နိုင်ငံတွင် ပြီးခဲ့သည့် နိုဝင်ဘာ ၂၉ ရက်မှစတင်ကာ သမ္မတရှီကျင်းပင်၏ ကိုဗစ်သုညမူဝါဒကို ဆန္ဒပြကန့်ကွက်ခဲ့ကြသည့်အတွက် ဒီဇင်ဘာ ၈ ရက်တွင် လျှော့ချပေးခဲ့ခြင်းဖြစ်သည်။

**Source:** http://sdtimedaily.com/

## ငဖဲမြို့နယ်တောင်ပေါ်ဒေသ၌ ကော်ဖီစိုက်ဧက ၁၀၈၅ ဧက စိုက်ပျိုးအောင်မြင်ဖြစ်ထွန်း



https://www.myawady.net.mm

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် တောင်ပေါ်ဒေသ(နတ်ရေကန်)တွင် ရေမြေရာသီဥတုနှင့် ကိုက်ညီသည့် အာရေဗီးကား (ဗီယက်နမ်) ကုန်းမြင့်ကော်ဖီမျိုးများကို စိုက်ပျိုးထားရာ ယခုအချိန်အထိ ကော်ဖီစိုက်ဧက ၁၀၈၅ ဧက စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ငဖဲမြို့နယ် တောင်ပေါ်ဒေသ(နတ်ရေကန်)သည် မင်းဘူး-အမ်းသွား ကားလမ်းဘေးတွင်တည်ရှိပြီး ဒေသခံတောင်သူများက ကော်ဖီ၊ လက်ဖက်၊ ဝဥ၊ ထောပတ်၊ ကမ္ဗလာ၊ ရောက်ချို၊ ပိန္နဲ၊ ငရုတ်၊ ငှက်ပျော၊ သံပုရာစသည့် နှစ်ရှည်သီးနှံပင်များနှင့်အတူ ကော်ဖီကို ရောနှောစိုက်ပျိုးကြသည်။ ငဖဲမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီရာသီသီးနှံဌာနခွဲ၊ ကော်ဖီခြံ(နတ်ရေကန်)တွင် အာရေဗီးကားကုန်းမြင့်ကော်ဖီမျိုး ၂၉ ဧက စိုက်ပျိုးထားပြီး တောင်ပေါ်ဒေသ ကျေးရွာ ၁၀ အုပ်စုတွင် ပုဂ္ဂလိကတောင်သူစိုက်ဧက ၁၀၅၆ ဧက စုစုပေါင်း ၁၀၈၅ ဧက စိုက်ပျိုးထားသည်။

ယခုအခါ ကော်ဖီသီးနှံတိုးချဲ့စိုက်ပျိုးရေး စီမံကိန်းအရ ငဖဲမြို့နယ်တွင် ငါးနှစ်တာကာလအတွင်း ကုန်းမြင့်ကော်ဖီ (အာရေဗီးကား) ဧက ၁၂၅၀၀ ကို တစ်နှစ်လျှင် ဧက ၂၅၀၀ နှုန်းဖြင့် တောရိုင်း၊ မြေရိုင်းနှင့် သစ်တော ကြိုးဝိုင်းဧရိယာများတွင် တိုးချဲ့စိုက်ပျိုးနိုင်ရေးလျာထားရာ လာမည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တောရိုင်း/မြေရိုင်းဧရိယာတွင် ဧက ၈၅၀၊ သစ်တောကြိုးဝိုင်းဧရိယာတွင် ဧက ၁၆၅၀ စုစုပေါင်းဧက၂၅၀၀ ကို ကော်ဖီအဓိက စိုက်ပျိုးထုတ်လုပ်ရောင်းချသည့် လိုင်ကျေးရွာတွင် ဧက၅၀၊ ဂုတ်ကြီးတွင် ၁၂၅ ဧက၊ ဘုံးဘောတွင် ဧက ၁၀၀၊ ပဒွေးတွင်ဧက ၂၀၀၊ စွန်တက်တွင် ၁၂၅ ဧကနှင့် လင်းတဲကျေးရွာတွင် ဧက ၂၅၀ အကောင်အထည်ဖော် စိုက်ပျိုးဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/34037

## ဒါးပိန်ပန်းပုအလုပ်ရုံမှ ဇာတ်ကြီးဆယ်ဘွဲ့ သစ်ထွင်းပန်းပုကားချပ်ကို ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့်တနင်္သာရီတိုင်းဒေသကြီးတို့က မှာယူနေ



Source: ရတနာပုံသတင်းစာ

ရန်ကုန်တိုင်းဒေသကြီး ဒါးပိန်ပန်းပုကျေးရွာရှိ ပန်းပုအလုပ်ရုံများမှ ဇာတ်ကြီးဆယ်ဘွဲ့ သစ်ထွင်းပန်းပုကားချပ်များကို ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့က မှာယူနေကြောင်း ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဒါးပိန်ပန်းပုကျေးရွာ၌ မြင့်မိုရ်ဦး ပန်းပုလုပ်ငန်းပိုင်ရှင် ဦးအေးချမ်းက ပြောပြ၍သိရသည်။

ယခု ဒီဇင်ဘာလတွင် ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့ရှိ ပန်းပုအရောင်းဆိုင်များက ကျွန်းသားဖြင့် ထုလုပ်ထားသည့် (၁၄ x ၃၆) လက်မ အရွယ်အစားရှိ သစ်ထွင်းပန်းပုကားချပ်များကို မှာယူနေခြင်းဖြစ်ပြီး ဇာတ်ကြီးဆယ်ဘွဲ့ သရုပ်ဖော်ပုံများဖြစ်ကြောင်း သိရသည်။

"မနှစ်က သင်္ကြန်ပြီးကတည်းက အော်ဒါတွေပြန်ရလာတာဖြစ်ပါတယ်။ အခုအော်ဒါကတော့ ရှမ်းပြည်နယ်ဘက်ကလည်းမှာတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်ဘက်လည်း အမှာတွေတက်လာပါတယ်။ ကျွန်းသားနဲ့ထုလုပ်ထားတဲ့ ဇာတ်ကြီးဆယ်ဘွဲ့ သရုပ်ဖော်သစ်ထွင်း ပန်းပုကားချပ်တွေဖြစ်ပါတယ်။ လက်ရှိ အော်ဒါကတော့ ဇာတ်ကြီးဆယ်ဘွဲ့ သရုပ်ဖော်ပုံ ၁၀ မျိုးတစ်တွဲ၊ အတွဲပေါင်း ၁၅ တွဲ မှာယူထားတာဖြစ်ပါတယ်။ ကျွန်တော်တို့ကတော့ လက်ခအနေနဲ့ ပန်းပုကားချပ်တစ်ချပ်ကို ငွေကျပ်လေးသောင်းလောက်တော့ရပါတယ်"ဟု မြင့်မိုရ်ဦးပန်းပုလုပ်ငန်းပိုင်ရှင် ဦးအေးချမ်းကပြောပြသည်။

လက်ရှိတွင် ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်တို့က မှာယူထားသည့် (၁၄ x ၃၆) လက်မ အရွယ်အစား သစ်ထွင်းပန်းပုကားချပ်တစ်ချပ်လျှင် ပန်းပုဈေးကွက်အတွင်း ငွေကျပ် ၈၅၀၀၀ ခန့်ရှိကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

## နိုင်ငံတစ်ဝန်း တရားဝင်မှတ်ပုံတင်လုပ်ကိုင်ဆောင်ရွက်နေသည့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများတွင် အစားအစာထုတ်လုပ်သည့်လုပ်ငန်းများမှာ ၅၀ ရာခိုင်နှုန်းထိရှိနေ



Source: ရတနာပုံသတင်းစာ

နိုင်ငံတစ်ဝန်း တရားဝင်မှတ်ပုံတင် လုပ်ကိုင်ဆောင်ရွက်နေသည့်ပုဂ္ဂလိက စက်မှုလုပ်ငန်းများတွင် အစားအစာထုတ်လုပ်သည့်လုပ်ငန်းများမှာ ၅၀ ရာခိုင်နှုန်းအထိရှိနေကြောင်း စက်မှုဝန်ကြီးဌာနသတင်းများအရ သိရသည်။

စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနအနေဖြင့် အဆိုပါ ပုဂ္ဂလိကစက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး၊ စနစ်တကျလုပ်ကိုင် ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည့်အကူအညီများ ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်တွင်းရှိ ပုဂ္ဂလိကစက်မှုလုပ်ငန်းများကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှစ၍ မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့ရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နိုဝင်ဘာလကုန်ထိ ပုဂ္ဂလိကစက်မှုလုပ်ငန်းပေါင်း ၄၅၉၈၂ ခုအထိရှိပြီး အဆိုပါလုပ်ငန်းများအနက် တရားဝင်မှတ်ပုံတင်ဆောင်ရွက်နေသည့် အစားအသောက်ထုတ်လုပ်သည့် စက်မှုလုပ်ငန်းများတွင် အကြီးစား ၃၆၅၅ ခု၊ အလတ်စား ၅၃၃၈ ခုနှင့် အသေးစား ၁၄၁၃၃ ခု စုစုပေါင်း ၂၃၁၂၆ ခုဖြင့် အများဆုံးမှတ်ပုံတင် လုပ်ကိုင်ဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါ အစားအစာထုတ်လုပ်သည့်လုပ်ငန်းများမှာ တရားဝင်မှတ်ပုံတင် လုပ်ကိုင်ဆောင်ရွက်နေသည့် ပုဂ္ဂလိကစက်မှုလုပ်ငန်းအားလုံး၏ ထက်ဝက်ကျော်အထိရှိနေသဖြင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းကဏ္ဍအားလုံး၏ ၅၀ ဒသမ ၃ ရာခိုင်နှုန်းအထိရှိကြောင်း၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းများတွင် သစ်နှင့်သစ်အချောထည် (ပရိဘောဂ မပါဝင်) ထုတ်လုပ်ခြင်းလုပ်ငန်းများမှာ ၂၁၆၇ ခုဖြင့် ဒုတိယအများဆုံး၊ အဖျော်ယမကာထုတ်လုပ်ခြင်းလုပ်ငန်းများမှာ ၁၇၀၅ ခုဖြင့် တတိယအများဆုံး

မှတ်ပုံတင်လုပ်ကိုင်ဆောင်ရွက်နေကြောင်း သိရသည်။

Source: ရတနာပုံသတင်းစာ

## ဗီယက်နမ်နိုင်ငံ၌ ၂၀၃၀ ပြည့်နှစ်တွင် စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ ပြည်ပရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၃၄ ဘီလီယံအထိ ရောက်ရှိလာစေရန် ရည်မှန်းချက်ထားဆောင်ရွက်



Source: ကြေးမုံသတင်းစာ

ဗီယက်နမ်နိုင်ငံ၌ ၂၀၃၀ ပြည့်နှစ်အရောက်တွင် စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ ပြည်ပရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၃၄ ဘီလီယံအထိ ရောက်ရှိလာစေရေး ရည်မှန်းချက်ထားရှိဆောင်ရွက်နေကြောင်း Vietnam News သတင်းစာက ဒီဇင်ဘာ ၁၄ ရက်တွင် ပြောကြားသည်။

အဆိုပါရည်မှန်းချက် ပြည့်မီစေရေးအပါအဝင် နိုင်ငံအတွင်း စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုတိုးတက်စေရေးနှင့် ရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ဗီယက်နမ်နိုင်ငံက ထိရောက်သည့်နည်းလမ်းများအသုံးပြု၍ ဆွဲဆောင်နေကြောင်းသိရသည်။

ဗီယက်နမ်နိုင်ငံ၌ ၂၀၀၉ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း ပြည်ပရင်းနှီးမြှုပ်နှံသူများက စီမံကိန်း ၂၀၀၀ ခန့် ရင်းနှီးမြှုပ်နှံခဲ့ကြပြီး ယင်းစီမံကိန်းများ၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၆ ဘီလီယံရှိကြောင်း ဗီယက်နမ်စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မူဝါဒနှင့်မဟာဗျူဟာဆိုင်ရာ အင်စတီကျူမှ တာဝန်ရှိသူ တာသူထရင်က ပြောကြားသည်။

နိုင်ငံအတွင်းရှိ စက်မှုလုပ်ငန်းများတွင်လည်း ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်လိုအပ်နေပြီး အဓိကအားဖြင့် နည်းပညာလွှဲပြောင်းရယူရေးဆိုင်ရာကဏ္ဍများအား မြှင့်တင်ရန်လိုအပ်ကြောင်း ဗီယက်နမ်စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ သတင်းအချက်အလက်ဌာန တာဝန်ရှိသူ ငုယင်အမ်ဖောင်က ပြောကြားသည်။

ထို့ပြင် စိုက်ပျိုးရေးလုပ်ငန်း၌ ပြည်ပရင်းနှီးမြှုပ်နှံမှုများ မြင့်တင်လာစေရေးအတွက် ရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်ရေး အလျှင်အမြန်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဗီယက်နမ်စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ ဒူဒန်ကောင်ကပြောကြားသည်။

**Source:** ကြေးမုံသတင်းစာ

## ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့လျက်ရှိသော မြန်မာ့ကွမ်းသီး

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို ဒေသအလိုက် အဓိကစီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်လျက်ရှိရာ ကွမ်းသီးစိုက်ပျိုးမှုမှာ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင်လည်း မိသားစုစီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် လုပ်ကိုင်လျက်ရှိသည်။

မောင်တောကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်ဈေးကွက်သို့ လယ်ယာထွက်ကုန်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ စက်မှုကုန်ချောပစ္စည်းများ တင်ပို့လျက်ရှိရာ လယ်ယာထွက်ကုန်ပစ္စည်းတစ်မျိုးဖြစ်သည့် ကွမ်းသီးများကို ပြည်ပပို့ကုန်အဖြစ် မောင်တောကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့သည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (Mini Budget) ခြောက်လတာကာလအတွင်း ကွမ်းသီးတန်ချိန် ၈၉၀ ဒသမ ၃၄၅ တန် တင်ပို့နိုင်ခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) ခြောက်လတာကာလအတွင်း ကွမ်းသီးတင်ပို့မှု တန်ချိန် ၁၀၆၉ ဒသမ ၅၀၀ တန် တင်ပို့နိုင်ခဲ့သဖြင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (Mini Budget) ကာလထက် ပိုမိုတင်ပို့ခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာ ၁၃ ရက် နံနက် ၁၁ နာရီတွင် ပြင်ပငွေလဲလှယ်နှုန်းမှာ တစ်ဒေါ်လာလျှင် ၂၇၇၈ ကျပ်၊ တစ်ဒေါ်လာလျှင် ၁၁၂ တာကာ၊ တစ်တာကာလျှင် ၂၄ ဒသမ ၈၀ ကျပ် ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

Source: ကြေးမုံသတင်းစာ

# STOCK EXCHANGE (15.12.2022)

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 15th Dec. 2022

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 394 (Shares) | 1,292,250 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,100 | +0 | +0.00% | 9,100 | 9,100 | 9,100 | 2 | 18,200 | 33,109,694 | 301,298 |
| MTSH | 00002 | 3,300 | +50 | +1.54% | 3,250 | 3,300 | 3,250 | 392 | 1,274,050 | 38,929,150 | 128,466 |
| MCB | 00003 | 7,600 | +0 | +0.00% | 7,600 | 7,600 | 7,600 | 0 | 0 | 10,400,986 | 79,048 |
| FPB | 00004 | 19,000 | +0 | +0.00% | 19,000 | 19,000 | 19,000 | 0 | 0 | 2,472,053 | 46,969 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 0 | 0 | 12,823,224 | 33,340 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 0 | 0 | 19,977,223 | 53,939 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 0 | 0 | 10,497,598 | 51,438 |

## Market summary

As of 15th Dec. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 399.22 | +1.11 | +0.28% | 398.11 | 399.22 | 398.11 | 394 | 1,292,250 | 7 | 694,498 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 15th Dec. 2022

| Trading Volume | Trading Value |
|---|---|
| 394 (Shares) | 1,292,250 (MMK) |

## Main Board

As of 1:00 pm, 15th Dec. 2022

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 394 (Shares) | 1,292,250 (MMK) |

**MYANPIX** 399.22 ▲ 1.11

| | |
|---|---|
| Total Volume (shares) | 394 |
| Total Value (MMK) | 1 mil |
| Listed Company | 7 |
| Market Cap. (MMK) | 694,498 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,100 | ▲ 0 |
| MTSH | 00002 | 3,300 | ▲ 50 |
| MCB | 00003 | 7,600 | ▲ 0 |
| FPB | 00004 | 19,000 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |